
ဝန်ဇင်း
မောင်စိန်ဝင်း
ပုတီးကုန်း
ရင်ထဲမှာ ထာဝရဦးသစ်
လွမ်းဖြစ်ပါသည်

ရင်ထဲမှာ ထာဝရစဉ်သစ်

**မောင်စိန်ဝင်း(ပုတီးကုန်း)**

## ရင်ထဲမှာ ထာဝစဉ်သစ် လွှမ်းဖြစ်ပါသည်

သူ ထိုင်နေကျ လက်ဖက်ရည်ဆိုင်ထဲသို့ သုတ်သုတ်ပျာပျာ ဝင်လာသော အောင်မော်ကို လှမ်းမြင်သည်။ ဟိုရှာ ဒီရှာ အကြည့်ဝေ့စဉ် လက်တစ်ဖက်ကို သူထောင်ပြလိုက်သည်။ သူ့ကို လှမ်းမြင်တော့ အောင်မော် သူ့စားပွဲသို့ တန်းလာသည်။ သည်ကောင် သည်နေ့ မလာတော့ဘူးဟု သူထင်ထားတာ။ သည်လို နောက်ကျပြီးမှ လာလေ မရှိလိုအံ့ဩစိတ်တော့ ဖြစ်မိသား။ နာရီကို ကြည့်မိတော့ ခုနှစ် နာရီကျော်ပြီ။ စောစောကပင် ပြန်တော့မည်ဟု စိတ်ကူးဖြစ်သေးသည်။

“တော်သေးတာပေ့ါကွာ၊ မင့်ကို တွေ့တာ”

မထိုင်ခင် ပြောလိုက်သော အောင်မော့် စကားကြောင့် အောင်မော့် မျက်နှာဆီ အကြည့်ရောက်ပြန်၏ ။

“ထိုင်လေကွာ…..ဘာဖြစ်လာတာလဲ”

မသောက်တော့ဘူးကွာဟု အနားရောက်လာသည့် စားပွဲထိုးလေးကို အောင်မော့် ပြောပြီးမှ သူ့မျက်နှာဆီ အကြည့်ပို့၏ ။

“အိမ်မှာ ဖူးဖူး ရောက်နေတယ်”

“ဘယ်တုန်းက ရောက်တာလဲ”

“ငါနဲ့လည်း ချိန်းမထားပါဘူး”

မြင့်ဖူးက သည်လို အချိန် မတော်ကြီးမှာ အောင်မော့် အိမ် ရောက်လာတယ်ဆိုတော့ အထူးအဆန်း ဖြစ်မိသည်မှာအမှန်ပင်။

“မင်း နောက်နေတာ မဟုတ်ပါဘူးနော်”

အောင်မော့် မျက်နှာကို အကဲခတ်ရင် နှုတ်ကာထွက်သွားပြန်၏ ။

"ဘာလို့ နောက်ရမှာလဲကွ"

"ဒီအချိန်ကြီးကွာ....ငါ စဉ်းစားလို့ မရဘူး"

"ဘာ...."

"တကယ်ပြောတာ ၊ဟင်းဘက် ကြီးကြီးတစ်လုံး ပါလာတယ်"

"ဟာ....."

အောင်မော် အတည်ပြောနေမှန်း နားလည်ရင်း စဉ်းစားမရအောင် ဖြစ်ရပြန်သည်။ မနေ့ကပင် မြင့်ဖူးနှင့် သူ အကြာကြီး တွေ့ဖြစ်ကြသေးသည်ပဲ။ သည်နေ့မှ မြင့်ဖူးဘာတွေ ဖြစ်လာသည်ကို သိချင်စိတ် ပြင်းပြလာသည်။

"လာ......လာ......သွားမယ်"

ကောင်တာဆီ ပိုက်ဆံရှင်းရန် ထ လာခဲ့သည်။ စားပွဲထိုးလေး၏ ကျသင့်ငွေ အော်ပြောသံကို ကြားသည်။ ပိုက်ဆံကို လှမ်းပေးရင်း ပြန်အမ်းငွေကို စောင့်၏ ။ စားပွဲဝိုင်းတစ်ခုမှ လက်ဖက်ရည် ပန်းကန် လွတ်ကျကွဲသံသည် နားထဲမှာ စူးရှဆူညံသွားသလို....။

အပြင်ဘက်မှာ အောင်မော် စောင့်နေသည်။ အောင်မော် နေတာက သူထိုင်သည့် လက်ဖက်ရည်ဆိုင်နှင့် မှတ်တိုင် တစ်တိုင်သာသာဝေးသည်မို့ လမ်းလျှောက်လာခဲ့ကြသည်။ လမ်းမီးရောင်အောက်မှာ အောင်မော့်မျက်နှာကို သူအကဲခတ်မိသေးသည်။ သည်ကောင်က အနောက်အပြောင်ပြောခဲ့သူပဲ။ အခုလည်း သူ့ကို နောက်ပြောင်နေတာ မဟုတ်မှန်း နားလည်ပြီး မြင့်ဖူးကိုသာ အံ့ဩနေပြန်သည်။

"မင့်ကို ဘာပြောသေးလဲ"

"ဘာမှ မပြောဘူး၊ မင့်ကို ရှာပေးပါ၊ အရေးကြီးတယ် ပဲ ပြောတယ်"

"အရေးကြီးတယ်လို့ ပြောလား"

"ပြောတယ်"

"ဘာ အရေးကြီးတာလဲကွာ"

" ငါ ဘယ်သိမလဲ"

မြင့်ဖူး၏ ထင်ရာ စွတ်လုပ်တတ်သည့် စရိုက်ကြောင့် ကသိကအောက် ဖြစ်ခဲ့ရသည်မှာ အကြိမ်ကြိမ်။ သည်လို အချိန်ကြီးမှာ ဘာအရေးကြီးတယ်ဆိုပြီး သူ့ကို ဘာကြောင့် ရှာခိုင်းတာတဲ့လဲ။

သက်ပြင်းချရုံမှတစ်ပါး သူ စဉ်းစား၍ မရနိုင်တော့။

******************

"တော်သေးတာပေါ့၊ ကိုကို့ကို ရှာတွေ့တာ"

ခြံ ဂ ဝင်လိုက်စဉ် အိမ်တံခါးဂမှာ ရပ်ရင်း လှမ်းပြောသံကို ကြားသည်။ အသံက ဂမ်းသာလှိုက်လှဲသံ။ အနားရောက်စဉ် မျက်နှာကို လှမ်းကြည့်တော့ ထုံးစံအတိုင်း နှုတ်ခမ်းကို တွန့်ကွေးရုံ ပြုံးပြသည်။ ဝဲညက်ညက် ပါးပြင်မှ သွေးကြောမျှင်လေးများ ကြောင့် နီရောင်သန်းနေသော ကြည့်နေကျမို့ မြင်သည်ထင်၏ ။

"ဘာဖြစ်လာတာလဲ ဖူးဖူး"

"အိမ်ပေါ် တက်ပါဦး၊ အိမ်ပေါ်ရောက်တော့ ပြောမှာပေါ့"

ဧည့်ခန်း ဆက်တီဆီ အတူ လျှောက်သည်။ နှစ်ယောက်ထိုင် ကုလားထိုင်မှာ ဝင်ထိုင်လိုက်ကြ၏ ။

"တော်သေးတာပေါ့၊ လက်ဖက်ရည်ဆိုင် အရင်သွားမိလို့၊ အိမ်ပြန်ပြီထင်ပြီး အိမ်လိုက်ရင် လွဲတော့မှာ....."

အောင်မော် ဝင်မထိုင်ဘဲ ပြောသည်။ ပြီးတော့ အိမ်ထဲ ဝင်သွား၏။

“ပြောပါဦး ဖူးဖူး”

“အိမ်ပေါ်က ဆင်းလာတာ.....”

“ဘာ....”

“ဖူးဖူးရာ.....”

“ဘာလဲ ကိုကို.....ဖူးဖူးကို လက်မခံဘူးလား”

“ဒီလို အလောတကြီးလုပ်လို့ ရမှာတဲ့လား”

“ရတာ ပဲ”

“ကိုကိုနဲ့ အေးအေးဆေးဆေး တိုင်ပင်ရမှာ”

“တိုင်ပင်ချိန်မှ မရှိတာ”

“ဘာလို့ မရှိရမှာလဲ၊ ဟိုနေ့ကပဲ တွေ့သေးတာ”

“မဟုတ်ဘူးလေ၊ မေမေနဲ့က ဒီနေ့မှ ရန်ဖြစ်တာ”

“ရန်ဖြစ်တိုင်း ဆင်းလာရလား ဖူးဖူးရဲ့”

“ကိုကို....ဖူးဖူး အတည်မေးမယ်”

“အင်း....”

“ကိုကို ဖူးဖူးကို မယူဘူးလား”

“ဟာ.....”

“မေးတာ ဖြေလေ”

“ချက်ချင်းကြီး ဘာမှ ပြင်ဆင်ထားတာ.....”

“တော်တော့ ကိုကို....ဒါဆိုပြီးရော၊ ဖူးဖူး သွားမယ်”

“ဘယ်သွားမှာလဲ”

“သူငယ်ချင်းအိမ်၊ မနက်ဖြန် နယ်သွားမယ်”

“မဟုတ်တာ ဖူးဖူးရာ......”

ပြောရင်း လေပူတစ်ချက်ကို မှုတ်ထုတ်မိပြန်၏ ။ ဖူးဖူးကို သူ ချော့မော့ဖျောင်းဖျ ရမည်ဟု နားလည်လိုက်သည်။ သည်အိမ်က စိတ်လုပ် ထွက်သွားပါက ရှာရဖွေရနဲ့ ဒုက္ခ ပိုရောက်ရဦးမယ်။

“ကိုကို ပြောမယ် ဖူးဖူး”

သူ့ဘက်ကို မျက်နှာ မလှည့်၊ စိတ်ကောက်ပြီး မျက်နှာက မှိုင်းညို့နေသလို။ ရှေ့တူရူကို ငေးကြည့်နေသည် မျက်ဝန်းမှာ မျက်ရည်စတွေနှင့်.....။

******************

“မေမေနဲ့ရန်ဖြစ်တာ ကိုကို့ အတွက်ပဲ မဟုတ်လား” သည်စကားကြားတော့ မြင့်ဖူး သူ့ဘက်သို့ လှည့်လာသည်။

“ကိုကို ဘယ်လိုသိလဲ”

“ရန်ဖြစ်စရာ ဒါပဲရှိတာ၊ ဖူးဖူးကို အိမ်က မကျေနပ်တာ ဒါပဲ မဟုတ်လား”

“အဲဒါ သိသားနဲ့....”

“မဟုတ်ဘူး ဖူးဖူးရယ်....ကိုကိုပြောတာ နားထောင် ဖူးဖူး အိမ်က ဒီအတိုင်း ဘယ်ငြိမ်နေမှာလဲ၊ ဒီညတွင်းချင်း ကိုကိုတို့ကို လိုက်ရှာတော့မှာပေါ့၊ ပြီးတော့ခွဲသွားမှာပေါ့၊ ထုံးစံအတိုင်း ဖြစ်တတ်တဲ့ ဟာတွေပဲ၊ ဖူးဖူး အိမ်က

အသိုက်အဝန်းကို ဖူးဖူး သိသားပဲဟာ”

“အဲဒီ တော့ ဘယ်လိုလုပ်မလဲ…..”

မြင့်ဖူး စိတ်ကြည်ကြည်သာသာ ဖြစ်လာပြီဟု သူ နားလည်လိုက်သည်။ သူ့အဖြေကို မြင့်ဖူးက အလောတကြီး စောင့်နေပုံရ၏

“အခုည ကိုကို့ကို တွေ့သွားရင် လက်မထပ်ရသေးဘဲ ဆိုတော့ ကိုကို့ကို ဒုက္ခပေးချင်ရင် လွယ်တာပေါ့၊ မနက်ဖြန်မှ လက်ထပ်ပြီး တစ်နေရာ သွားတာ ပိုကောင်းမယ်…..”

“ကိုကို တကယ်ပြောတာလား”

မြင့်ဖူးကို ကြည့်ပြီး သူ ခေါင်းညိတ်ပြလိုက်၏

“အဲဒီ တော့ ဖူးဖူး ဒီည ဒီမှာပဲနေ…..ကိုကိုက အိမ်ပြန်ပြီး ကျန်တာမပျက် နေလိုက်မယ်….”

“ကိုကို….မနက်ဖြန် လာမှာနော်….”

“လာမှာပေါ့…..”

“ပြီးရော…”

“ဒါဆို….ကိုကို ပြန်မယ် ဟုတ်လား”

မြင့်ဖူးက ခေါင်းညိတ်ပြသည်။

“အောင်မော်ရေ….”

အတွင်းထဲသို့ လှမ်းခေါ်ရင်း ထ ရပ်လိုက်၏ ။ အတွင်းမှ အောင်မော်တို့ သားအမိ ထွက်လာသည်။

“သူငယ်ချင်း ငါပြန်မယ်၊ ဖူးဖူး ဒီမှာ ညအိပ်လိမ့်မယ်၊ မနက်မှ ငါ လာခဲ့မယ်…”

အောင်မော်က သူ့ကိုနားမလည်သလို လှမ်းကြည့်သည်။ အောင်မော့် အကြည့်မှ မေးခွန်းများကို သူနားလည်သော်လည်း ဘာမှ ပြန်မပြောမိတော့.....။

"လမ်းထိပ်ထိ ငါ လိုက်ခဲ့မယ် မင်းသော်...."

"မလိုက်ခဲ့နဲ့ သူငယ်ချင်း.....နေခဲ့"

ပြောပြောဆိုဆို သူ အိမ်ပေါ်မှ ဆင်းလာခဲ့သည်။ အောင်မော်တို့ လမ်းကျဉ်းကလေးမှာ လမ်းမီးမရှိ၍ မှောင်နေသည်။ လမ်းမကြီးဆီ ဦးတည်းရင်း သူ လျှောက်နေ၏ ။

သူ့ကို ဂျီကျပြီ ဘယ်မှ မသွားရဘူးဟု မပြောသည့် ဖူးဖူးပင် ကျေးဇူးတင်ရတော့မလိုလို......။

******************

"စာအုပ်တိုက်က ကိုထွန်းမင်း လာသွားတယ်"

တံခါးဖွင့်ပေးစဉ် သူ့တပည့် မောင်စိုးက ပြော၏ ။

"ဘာတဲ့လဲ...."

"မနက်မှ ထပ်လာမယ်တဲ့...."

"ပြီးတော့ ရုပ်ရှင် ကုမ္ပဏီတစ်ခုက လာတယ်"

တံခါးပိတ်ပြီး မျက်နှာချင်းဆိုင် ရပ်ရင်း ပြောသည်။

"ဆရာ့ နောက်ဆုံးစာအုပ် ဝယ်ဖို့တဲ့...."

"ဘယ်တော့ပြန်လာမယ် ပြောလဲ"

"အလုပ်ထဲ လာခဲ့မယ်လို့ မှာသွားတယ်"

သူ ခေါင်းညိတ်ပြပြီး အခန်းထဲ ဝင်သည်။ အဝတ်အစားလဲကာ ရေချိုးဖို့

ပြင်လိုက်သည်။

“ထမင်း ခူးလိုက်ရမလား ဆရာ”

“ငါ မစားတော့ဘူး မောင်စိုး”

ထမင်း စားချင်စိတ် မရှိတော့။ လောလောဆယ် ခေါင်းထဲမှာ ဖူးဖူးကိစ္စသာ ရှိတယ်။ မနက်ဖြန် တစ်စုံတစ်ခုကို ဆုံးဖြတ်ရတော့မည်ပဲ။ ရေမိုးချိုး အဝတ်အစား လဲပြီးတော့ အိပ်ရာပေါ် ပစ်လှဲလိုက်သည်။ လူက လန်းဆန်းသွားသော်လည်း စိတ်က နောက်ကျူနေဆဲ။ သက်ပြင်းကို ခဏ ခဏ ချနေမိ ပြန်သည်။

ဖူးဖူး သူ့ကို နှစ်နှစ်ကာကာ ချစ်တာ သူ အသိဆုံး။ မိန်းမ တစ်ယောက်ထံမှ ချစ်ခြင်းကိုသာ အလိုရှိပါက ဖူးဖူးကလွဲပြီး ရွေးချယ်ရန် မရှိဟု ထင်သည်။ အစွန်းရောက်သော ချစ်ခြင်း၏ ဘေးထွက် ဆိုးကျိုးတို့ကိုသာ လျစ်လျူရှုနိုင်မည် ဆိုပါက အရာရာ အဆင် ပြေသွားနိုင်လိမ့်မည် တွေးသည်။

ကိုယ်ကို စောင်းလိုက်စဉ် ခုတင်ဘေးမှ စားပွဲ ပေါ်အကြည့်ရောက်၏ ။

စားပွဲပေါ် တင်ထားသည့် ဓာတ်ပုံက သူ့အတွေးကို ချက်ချင်း ရပ်သွားလေသည်။

လျှပ်စစ်ကျဉ်စက်ဖြင့် အတို့ခံလိုက်ရသူပမာ သူ့တစ်ကိုယ်လုံး သွေး အသွားအလာ ရပ်သွားပြီးလား ထင် လိုက်၏ ။

ရုတ်တရက် ထ ထိုင်လိုက်မိသည်။

မျက်တောင်ကို ခတ်၍ အားယူးရင် ဓာတ်ပုံကို စူးစူးစိုက်စိုက် ကြည့်နေမိဆဲ။

သက်ပြင်းချကာ အံကို ကြိတ်လိုက်မိတော့သည်။ ဘာဖြစ်ဖြစ် ပြတ်ပြတ်သားသား ဆုံးဖြတ်ချက် တစ်ခုကို သူချရတော့မည်ပဲ။

ရင်ထဲမှာ တင်းကျပ်လွန်းလှသည်။